၇၅ ကြိမ်မြောက် ဆရာတော်အသျှင် ဦးဥတ္တမနို့အား ရှိသေလေးမြတ်စွာ ဦးညွှတ်ဂါရဝပြုအပ်ပါသည်။

The Arakan International



# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်



# Political Dictionary

## နိုင်ငံရေးဝေါဟာရအဘိဓါန်

Affirmative Action: အတိတ်က ခွဲခြားဆက်ဆံခြင်းခံရသည့်အတွက် မျိုးဆက်နှင့်ချီ၍ ဆုံးရှုံးနစ်နာကတ်ရမှုများအတွက် လူမျိုးတစ်မျိုး (သို့မဟုတ်) လူအုပ်စုတစ်စုအပေါ် အထူးအကျိုးခံစားခွင့်များ ပြန်လည်ပေးအပ်ခြင်း။

Alienation: ရိုးရိုးသာမာန်ပြည်သူများအနီဖြင့် နိုင်ငံရေးရာများတွင် ပါဝင်ပါက်သက်ဆောင်ရွက်သော်လည်း ထိရောက်သည့် အကျိုးသက်ရောက်မှုနှင့် အဓိပ္ပါယ်ဟိသည့်နောက်ဆက်တွဲရလဒ်များ ဖြစ်ဖြစ်မြောက်မြောက် မဟိမှုအပေါ် သူရို့၏ (ဘေးထွက်နိန်ရသျှောင်မျိုး) ခံစားရမှုများ။

American conservatism: ချမ်းသာမှု၊ လုံခြုံမှု နှင့် အစဉ်အလာတန်ဖိုးများအပေါ် အခြားတန်ဖိုးများထက် ပိုမိုအလေးထားသည့် အမေရိကန်ရို့၏ အယူဝါဒ။

American liberalism: လူတစ်ယောက်ချင်းစီ၏ လွတ်လပ်မှု၊ တန်းတူညီမျှမှု နှင့် လူ့အခွင့်အရေးဆိုင်ရာ တန်ဖိုးများအပေါ် အခြားတန်ဖိုးများထက် ပိုမိုအလေးထားသည့် အမေရိကန်ရို့၏ အယူဝါဒ။

American Revolution: (၁၇၇၅ – ၁၇၈၃) အမေရိကန်လွတ်လပ်ရေးစစ်ပွဲ ဟူ၍လည်းကောင်း၊ အမေရိကန်တော်လှန်ရေးစစ်ပွဲ ဟူ၍လည်းကောင်း ခေါ်ဝါသမုဒ်ကတ်သည့် အမေရိကန်ရို့၏ မူလကိုလိုနီ ၁၃ ပြည်နယ်အား ဗြိတိသျှအုပ်ချုပ်ရေးအောက်မှ အဆုံးသတ်စီရေး အတွက် ကြိုးပမ်းသည့် ၁၇၈၇–၁၇၈၉ ကာလ။ (အမေရိကန်လွတ်လပ်ရေးကာလကို ပုံမှန်အားဖြင့် အမေရိကန်လွတ်လပ်ရေးကြေ်ငြာစာတမ်း ထုတ်ပြန်သည့် ၁၇၇၆ ခုနှစ်မှ စတင်တွက်ချက်မှုပြုကတ်ပါသည်။)

Achilles' heel: အဓိကအားနည်းချက်၊ ပျော့ကွက်၊ ဟာကွက်။ ဂရိသူရဲကောင်းအာ့ခိလိ၏ ဒဏ္ဍာရီဆန်သည့် အဖြစ်အပျက်ကိုအခြေခံ၍ ပေါ်ပေါက်လာသောစကားလုံးဖြစ်ပါသည်။ အဆိုပါအဖြစ်အပျက်အရ သူရဲကောင်းအာ့ခိလိ၏ခန္ဓာကိုယ်၌ မည်သည့်နေရာကိုပင် ခွပ်သည်ဖြစ်စီ၊ ထိုးသည်ဖြစ်စီ တစ်ခုလည်းဖြစ်မလားပါ၊ ဗဇောင်ကြောင့်ဆိုသော် သူ့အသက်၏တည်နီရာသည် သူ၏ခြီဖနောင့်တွင်ဟိနိန်၍ ဟု ဆိုပါသည်။ စစ်ပွဲတိုင်းအနိုင်ရသော အာ့ခိလိသည် ထရိုဂျန်စစ်ပွဲ၌ သူ့ခြီဖနောင့်ဒဏ်ရာကြောင့်ပင် သီဆုံးလားလီသည်။ ထိုကြောင့်ကမ္ဘာ့နိုင်ငံရေးလောကတွင် တစ်စုံတစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခု၏ အဓိက ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်အပိုင်းကို (Achilles' hell) 'အာ့ခိလိ၏ဖနောင့်' ဟု ခေါ်စမှတ်ပြုကတ်ပါသည်။

Acid test: တစ်စုံတစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) ကုမ္ပဏီတစ်ခု၏ တန်ဖိုးအပေါ်၊ ကျင့်ဝတ်သိက္ခာအပေါ်၊ ခံနိုင်ရည်ဟိမှုအပေါ် ဖိအားများစွာ၊ နည်းလမ်းမျိုးစုံဖြင့် စမ်းသပ်ခံရမှု။ ဥပမာအားဖြင့် ရွီးကောက်ခံ နိုင်ငံရေးသမားတစ်ယောက်အတွက် ရွီးကောက်ပွဲကာလသည် ဖိအားများစွာဖြင့် စမ်းသပ်ခံကာလဖြစ်ပါသည်။ ကုမ္ပဏီတစ်ခုအတွက် သူ့ကြွီးမြီများကို အချိန်မှီပြန်ဆပ်ရေး၊ ပြန်ထယ်ရေးကာလများသည် Acid test ကာလများပင်ဖြစ်ပါသည်။

Activism: နိုင်ငံရေးလှုပ်ရှားမှုများတွင် (တစ်နည်းနည်းဖြင့်) ပါဝင်ပါက်သက်မှု၊ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်မှု။ ဥပမာအားဖြင့် နိုင်ငံရေးရုံးတစ်ရုံးဖွင့်လှစ်လုပ်ဆောင်ခြင်း၊ သပိတ်မှောက်ဆန္ဒပြမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းမျိုး။ ပြည်သူလူထု၏ 'သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလှုပ်သျှားမှုများ'၊ 'တိရစ္ဆာန်အခွင့်အရေးဆိုင်ရာလှုပ်သျှားမှုများ' စသည်များကိုလည်း ရည်ညွှန်းခေါ်ဆိုလေ့ဟိကတ်ပါသည်။

Adjournment: လုပ်ရပ် (သို့မဟုတ်) လုပ်ငန်းတစ်ခုခုအား အချိန်အတိုင်းအတာတစ်ခုအတွက် ရပ်ဆိုင်ထားခြင်း (သို့မဟုတ်) ရွှို့ဆိုင်းခြင်း။

*ဆက်လက်ဖေါ်ပြပါမည်*